ASIAN AMERICANS ADVANCING JUSTICE
ASIAN LAW CAUCUS

# ကယ်လီဖိုးနီးယား (California) မဲဆန္ဒထည့်သူများ အတွက် ဘာသာစကား အကူအညီ

နိုဝင်ဘာလ 2020 ခုနှစ်တွင် မဲဆန္ဒထည့်ရန် မြန်မာဘာသာဖြင့် သင် သိရှိရန်လိုအပ်သည်များ အားလုံး

**<u>မြန်ဆန်သော အချက်အလက်</u>**
သင် ပိုမိုနှစ်သက်သော ဘာသာစကားကို မှတ်မံရန်အတွက် အွန်လိုင်းရှိ https://voterstatus.sos.ca.gov သို့ သွားရောက်ပါ သို့မဟုတ် သင် ရွေးကောက်ပွဲရုံး သို့ ဖုန်းခေါ်ဆိုပါ။ အကယ်၍ သင့်ဇရိယာအတွက် ဘာသာပြန်ဆိုထားသည့် အချက်အလက်များကို ရရှိနိုင်ခဲ့ပါက သင့်ထံသို့ အခမဲ့ဖြင့် ပေးပို့ပေးမည်ဖြစ်သည်။

## <u>ဖော်ပြထားသည့် ကောင်တီများအထဲ တစ်ခုခု၌ သင် နေထိုင်ပါက -</u>

| | |
|---|---|
| Alameda<br>(510) 272-6973 | San Mateo<br>(650) 312-5222 |
| Los Angeles<br>(800) 815-2666 | Tulare<br>(559) 624-7300 |
| San Francisco<br>(415) 554-4375 | |

**အကယ်၍ သင်သည် နေအိမ်မှနေပြီး မဲဆန္ဒထည့်လျှင် -** သင် နေထိုင်သည့်နေရာအပေါ်တွင် အခြေခံ၍ မြန်မာဘာသာဖြင့် "ပုံတူ" မဲပြားတစ်ခုကို စာတိုက်ဖြင့် ရရှိနိုင်ပါသည်။ ပုံတူ မဲပြားသည် သင့်အား အင်္ဂလိပ်ဘာသာဖြင့် သင်၏မဲပြားကို ဖြည့်စွက်ရာတွင် နားလည်စေရန် အထောက် အကူပေးမည့် ဘာသာပြန်ဆိုထားသည့် မဲပြား ဥပမာ (မဲဆန္ဒပေး၍မရပါ) တစ်ခုသာဖြစ်ပါသည်။ ပုံတူ မဲပြားရရှိရန်အတွက် ကောင်တီ ရွေးကောက်ပွဲရုံးသို့ ဆက်သွယ်ပါ သို့မဟုတ် သင် ပိုမိုနှစ်သက်သော ဘာသာစကားကို မှတ်မံရန်အတွက် အွန်လိုင်းရှိ https://voterstatus.sos.ca.gov တွင် ပြုလုပ်ပါ။

**အကယ်၍ သင်သည် လူကိုယ်တိုင်ဖြင့် သွားရောက်ပြီး မဲဆန္ဒထည့်လျှင် -** ဘာသာစကား အကူအညီမှာ သင် မဲဆန္ဒထည့်ရန်အတွက် သင် စာရင်းသွင်းထားသည့်နေရာအပေါ်တွင် အခြေခံပါသည်။ မြန်မာဘာသာဖြင့် အကူအညီ ရရှိနိုင်ခဲ့ပါက ဘာသာပြန်ဆိုထားသည့် သင်္ကေတ ရှိမည်ဖြစ်ပြီး "ပုံတူ" မဲပြားများကို ရှင်းလင်းစွာ-ကပ်ထားမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့်မဲပြားတွင် မဲဆန္ဒပေးရန်အတွက် သင့်အား အထောက်အကူဖြစ်စေရန် မဲဆန္ဒထည့်သည့်ရုံသို့ သင် ယူသွားနိုင်သည့် မိတ္တူများ ရှိသင့်သည်။

**<u>လူကိုယ်တိုင်ဖြင့် သွားရောက်ပြီး မဲဆန္ဒထည့်သည့်အခါ နှုတ်အပြောအားဖြင့် အကူအညီကို သင် ပြောဆိုနိုင်သည် -</u>**
အကယ်၍ သင်၏ မဲဆန္ဒပေးခြင်းဌာန သို့မဟုတ် ရွေးကောက်ပွဲ စင်တာ၌ မြန်မာဘာသာစကား ပြောဆိုနိုင်သည့် မဲဆန္ဒကောက်ယူခြင်း အလုပ်သမားများရှိပါက မိမိတို့သည် မည်သည့်ဘာသာစကားကိုပြောဆိုကြောင်း **တံဆိပ်၊ ဖဲပြား သို့မဟုတ် ကပ်ရန်စာရွက် များကို မိမိတို့ တပ်ထားပါလိမ့်မည်**။ ထို့အပြင် ထိုနေရာ၌ တစ်စုံတစ်ဦးက မြန်မာဘာသာစကား ပြောဆိုနိုင်သူ ရှိ/မရှိအား အမှတ်သင်္ကေတဖြင့်လည်း ဖော်ပြထားသင့်သည်။

**သင်မဲဆန္ဒပေးရာတွင် သင့်အား ကူညီရန် လူနှစ်ဦးအထိ ခေါ်ဆောင်လာနိုင်ပါသည်**၊ သင်၏အလုပ်ရှင် သို့မဟုတ် သင့်ယူနီယံ အား ကိုယ်စားပြုသူ မဖြစ်စေရပါ။ သင်၏ မိသားစုဝင် သို့မဟုတ် အသိမိတ်ဆွေ တစ်ဦးကို ခေါ်ဆောင်လာပါ။

**အကယ်၍ အထက်ပါ ဖော်ပြထားသည့် ကောင်တီ စာရင်းထဲတွင် သင် မနေထိုင်ပါက မြန်မာဘာသာဖြင့်- မဲပြားများ နှင့် အကူအညီများကို မရရှိနိုင်ပါ။**